ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ သောကြာနေ့၊ (23-7-2010) (ဖြင့်ဖြ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
အီဂျစ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　ဇူလိုင်　၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများကို နယ်မြေဒေသအသီးသီးတွင် ဆောင်ရွက်ပေးသကဲ့သို့ နိုင်ငံအနာဂတ်အတွက် ပြည်သူများကိုယ်တိုင်ဖန်တီးနိုင်မည့် အပေါ်ထပ်အဆောက်အအုံတိုးတက်ပြောင်းလဲရေး ဆောင်ရွက်နေ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်တော့မည်ဖြစ်သည့်အတွက် မိမိတို့ကျရာကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်

နေပြည်တော်　　ဇူလိုင်　　၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ နံနက် ၈ နာရီတွင် ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁) အနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲ အခမ်းအနားသို့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

The Mirror
၂၃-၇-၂၀၁၀
(သောကြာနေ့)

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရာသီမရွေးခြင်နှိမ်နင်းရေး ပါဝင်ဆောင်ရွက်

မိုးရာသီကာလများတွင် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်သည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအနက် ခြင်ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါများ အများဆုံးဖြစ်နိုင်သည်။ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ နှာစေးချောင်းဆိုး အအေးမိရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကြရပေမည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသော ခြင်ပုန်း ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ခြင်ပုန်းများ မပေါက်ပွားစေရန် အုတ်ရေကန်၊ ရေစည်၊ ရေအိုးများ လုံခြုံစွာ ဖုံးအုပ်ထားခြင်း၊ သုံးရေအိုး၊ ပန်းအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ခြင်းတို့ကို မပြတ်လုပ်ဆောင်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူသည် အပူချိန်မြင့်မားပြီး အဖျားတာရှည်တတ်သည်။ သုံးရက်ခန့်အထိ အဖျားမကျခြင်း၊ အစာစားချင်စိတ်နည်းခြင်း၊ မကြာခဏအန်ခြင်း၊ အဖျားကျသွားသော်လည်း မှိန်းနေခြင်း၊ ခြေဖျားလက်ဖျားအေးနေခြင်းတို့ဖြစ်ပါက ဆေးရုံဆေးခန်းများသို့ အမြန်သွားရောက်ပြသကုသမှုခံယူကြရပေမည်။ သွေးလွန်တုပ်ကွေးတွင် မတည့်သည့် ဆေးဝါးများရှိသဖြင့် ဆေးအလွန်အကျွံ တိုက်မိခြင်း၊ မက်ကလောင်ဖောက်ခြင်းစသည့် အပြုအမူများ မပြုလုပ်မိစေရန်လည်း သတိပြုကြရမည်ဖြစ်သည်။

ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများတွင် ငှက်ဖျားရောဂါလည်း အပါအဝင်ဖြစ်သည်။ တောတောင်စိမ့်စမ်းရေများတွင် ပေါက်ပွားသော ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်နိုင်သည်။ ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ ကူးစက်နိုင်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်။ မြို့နယ်ပေါင်းနှစ်ရာကျော်တွင် ငှက်ဖျားရောဂါ ကူးစက်မှုရှိနေသဖြင့် ငှက်ဖျားကြောင့် သေဆုံးမှု လျော့နည်းပပျောက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါအဖြစ်များသည့် မြို့နယ်များရှိ ဆေးရုံနှင့် ဆေးပေးခန်းများတွင် ငှက်ဖျားရောဂါ စစ်ဆေးသည့် ပစ္စည်းကိရိယာများနှင့် ငှက်ဖျားကာကွယ်ဆေးများကို အခမဲ့ဖြန့်ဝေပေးနေသည်။ တာရှည်ခံဆေးစိမ်ခြင်ထောင်များ ပေးဝေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကိုလည်း မပြတ်ကူညီလျက်ရှိသည်။

ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးအပါအဝင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ခြင်နှိမ်နင်းရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေကြပြီ။ ပြည်သူများအားလုံးက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းနှင့်နေအိမ်ဝန်းကျင် ခြင်ယင်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ ကြည့်ရှုစစ်ဆေး ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် သစ်ပင်စိုက်ပျိုးပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်-သီတာအေးလမ်း လမ်းပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး နယ်လှည့်မျက်စိ အထူးကုဆရာဝန်များအဖွဲ့က ဒေသခံပြည်သူများအား မျက်စိစမ်းသပ်ကုသပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မှာကြားမှုများကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်လျက်ရှိသော လူနာများအား အလှူငွေများပေးအပ်ကာ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့သည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာ)၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပျိုးပင်များကို ဖြန့်ဝေပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က အမှတ်တရ ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် လှိုင်သာယာမြို့နယ်အတွင်း လမ်းခင်းကျင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန စက်ခန်းဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲ၌ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန စက်ခန်းဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဆင်း

နေပြည်တော် ဇူလိုင် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန စက်ခန်းဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)ဦးစိုးမြင့်တို့က ထူးချွန်ဆုရ သင်တန်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးဒီဂရီကောလိပ် အာစရိယပူဇော်ပွဲ

ပဲခူး ဇူလိုင် ၂၂

ပဲခူးဒေသကောလိပ်၊ ပဲခူးကောလိပ်၊ ပဲခူးဒီဂရီကောလိပ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဘာသာရပ်ပေါင်းစုံမှ အငြိမ်းစားယူသွားကြသည့် သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ပဲခူးဒီဂရီကောလိပ်၌ ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်ကြပါရန်နှင့် ခေတ်သုံးခေတ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားပြီး အလှူငွေထည့်ဝင်လိုသူများသည် ဒေါ်ရီရီအုန်းသန်း ဖုန်း-၀၅၂-၂၃၉၀၉၊ ဒေါ်သန်းသန်းထွန်း ဖုန်း-၀၉-၅၃၀၂၃၃၈၊ ဦးစိုးမိုးဝင်း ဖုန်း-၀၉-၅၁၀၅၉၇၂၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၈၆၅၁၂၄၉၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၄၀၉၅၈၉၊ ဦးငွေစိုး ဖုန်း-၀၉-၅၁၈၆၇၇၅၊ ဒေါ်အေးအေးကြူ ဖုန်း-၀၉-၅၃၀၂၁၅၆၊ ဒေါ်မော်ရီဝင်း ဖုန်း-၀၅၂-၂၄၄၃၄နှင့် ဒေါ်သိင်္ဂီမြင့်ရည် ဖုန်း-၀၉-၅၃၀၁၅၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၂၈)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးဆောင်ရွက်လျက်ရှိသော ယင်းဝါဆည်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -လွင်ပြင်ထဲကခြင်္သေ့များ (အပိုင်း-၃)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ -သာရင်နှင့်မြို့ပြခရီး (အပိုင်း-၂) (မေတ္တာ၊ ပေါ်လေး၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၂)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၆၃)**
- ၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်များ
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့လက်ရှိ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်ဦး တောင်ကြီးနှင့် ပင်းတယမြို့တို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ် အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်၍ ဝန်ထမ်းကောင်းဖြစ်အောင် ဆောင်ရွက်ရန်၊ အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်ကြရန် စသည်ဖြင့်မှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပင်းတယမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသစ်လက်ခံရရှိမှုနှင့် ရုံးနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအာမက် အာဘူ ဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၃၀ ၉။ "ငါးရစ်မျိုးငါးတို့မစား"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၄။ အတီးပြိုင်ပွဲ
- ၄း၃၅ ၅။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၉။ တေးဂီတအစီအစဉ်
- ၅း၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၁၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ငါတို့ခွန်အား(မျိုးကြီး၊ တေးရေး-လင်းလင်း)
- ၁၉။ "လျှပ်တစ်ပြက်ဟာသများ"
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း) (အပိုင်း-၆)**
- ၂၁။ သီချင်းချစ်သူ (မီးမီးခဲ)
- ၂၂။ အစီအစဉ်ပြီး၏။

အထက(၅) မရမ်းကုန်း အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၂

အထက(၅) မရမ်းကုန်း ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၃ ခုနှစ်အထိ အနည်းဆုံး သုံးနှစ်ပညာသင်ကြားပေးခဲ့သော အသက်(၅၀)နှင့်အထက် ဆရာ၊ ဆရာမများအား ၂၀၀၈ ခုနှစ်အထိ ပညာသင်ယူခဲ့သော ကျောင်းသား၊ ကျောင်းသူများက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားပြီး ဒေါ်ထက်ထက်လှိုင် ဖုန်း-၇၃၀၀၁၁၈၀၊ ဒေါ်မြနန္ဒာထွန်း ဖုန်း-၀၉-၅၃၉၄၆၃၁၊ ၅၈၁၁၁၇၊ ဒေါ်မေပိတောက်ဝါစိုး ဖုန်း-၆၆၁၉၆၄၊ ၀၉-၅၀၂၄၈၃၀၊ ဘုန်းမြင့်သော်(တရုတ်ကြီး) ဖုန်း-၀၉-၅၀၇၄၀၃၉၊ ဦးနန္ဒအောင် ဖုန်း-၇၃၀၀၁၂၂၃၊ ဒေါ်မြတ်ကေခိုင် ဖုန်း-၆၆၀၆၄၄၊ ၀၉-၅၄၁၄၄၉၅ နှင့် ဒေါ်ဆုရည်အောင် ဖုန်း-၅၀၀၅၄၇၊ ၅၀၀၅၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံဆေးကောင်စီ ဗဟိုဦးစီးအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံဆေးကောင်စီ၏ ဗဟိုဦးစီးအစည်းအဝေးကို ဇူလိုင် ၂၆ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြန်မာနိုင်ငံ ဆေးကောင်စီဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆-အနောက်ရပ်ကွက်ရှိ ပြည်သူအများ မှီခိုအားထားသောက်သုံးနေရသော မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ် လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက သာကေတမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အင်ကြင်းမြိုင်လမ်း အမှတ် ၂၇ နေ ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း) -ဒေါ်သန်းကြည်မိသားစုက အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကန်တူးဖော်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသော မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်၊ ဦးသာဒင်၊ ကော်မတီဥက္ကဋ္ဌ ဦးခင်ရွှေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။ (ကြေးမုံ)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီအထိ နှစ်ပတ်လည်အစည်းအဝေးပွဲနှင့်အတူ အသင်းဘက်စုံခန်းမကြီးတည်ရှိရာ (အမှတ်-၅၈၂/က) သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် သဃ်န်းကျွန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ပြီး ကွန်ပျူတာနှင့် သွားဘက် ဆိုင်ရာဆေးပစ္စည်းပြခန်းများ၊ ဘိုးလင်းအားကစားပြိုင်ပွဲများ ပူးတွဲကျင်းပမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲ၌ ပါမောက္ခဒေါက်တာမျိုးဝင်း (ပါမောက္ခချုပ်၊ ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)က Correction of Oral Habits ခေါင်းစဉ်၊ ပါမောက္ခ ဒေါက်တာဆန်းဆန်းဝင်း (ပါမောက္ခ/ဌာနမှူး၊ ကလေးသွားကျန်းမာရေးနှင့် သွားညှိကုပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)က Usage of Fluoride in Paediatric Dentisty ခေါင်းစဉ်များဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သာယာ(၁၈)လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)



၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုထားသော ဂျပန်နိုင်ငံ၏ ဘောလုံးကွင်းကို ဖီဖာကိုယ်စားလှယ်များ စိတ်တိုင်းကျ

တိုကျို ဇူလိုင် ၂၂

၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် အဆိုပြုခဲ့သည့် ဂျပန်နိုင်ငံမှ ဘောလုံးကွင်းများအား လေ့လာဆန်းစစ်နေကြသော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကိုယ်စားလှယ်များက တိုကျိုမြို့တော် တောင်ဘက် ဆိုင်တာမားမြို့ရှိ ပရိသတ် ၆၄၀၀၀ဆံ့သော ဘောလုံးကွင်းကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် အဆင့်အတန်းမီကြောင်း ထောပနာပြုခဲ့သည်ဟု ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသို့ လေးရက်တာလာရောက်ခဲ့စဉ်အတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကိုယ်စားလှယ်များကို ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်ကိုယ်တိုင် ညစာစားပွဲဖြင့် ဧည့်ခံခဲ့ကြောင်းသိရသည်။

လွန်ခဲ့သည့်ကိုးနှစ်က တည်ဆောက်ခဲ့သော ဆိုင်တာမားဘောလုံးကွင်းသည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲကျင်းပခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်များကိုလက်ခံကျင်းပပေးခဲ့ရာကွင်းဖြစ်သည်။ ယင်းအပြင် ဂျပန်အမှတ်ပေး ဘောလုံးပြိုင်ပွဲ၏ ထင်ရှားသောအသင်းတစ်သင်းဖြစ်သည့် ယူရာဝါရက်ဒ်ဒိုင်းမွန်းအသင်း၏ အိမ်ကွင်းလည်းဖြစ်သည်။

အင်တာနက်။

အစ္စရေးတို့ ပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်ဒေသသို့ လူသုံးကုန်နှင့်လက်နက်များ မှောင်ခိုတင်သွင်းရာတွင် သုံးသော ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း မှောင်ခိုသမားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကဘူးညီလာခံသည် မဟာမိတ်တပ်ဖွဲ့များ၏ ကျဆုံးမှုလက္ခဏာဖြစ်ကြောင်း တာလီဘန်ပြောကြား

ကဘူး ဇူလိုင် ၂၂

ယခုရက်သတ္တပတ်အတွင်း ကျင်းပလျက်ရှိသော အာဖဂန်နစ္စတန်၏ အနာဂတ်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံသည် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက အာဖဂန်စစ်မြေပြင်ကို စွန့်ခွာမည့် ရည်ရွယ်ချက်ကို ဖော်ညွှန်းနေသော ညီလာခံဖြစ်ကြောင်း တာလီဘန်အဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်ဟု ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြသည်။

ယင်းအပြင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များသည် လက်ရှိ အာဖဂန်အစိုးရအဖွဲ့ကို လွှမ်းမိုးထားကြောင်း တာလီဘန်အဖွဲ့က ပြောကြားခဲ့သည်ဟုဆိုသည်။

၂၀၁၄ခုနှစ်တွင် အာဖဂန်ပြည်တွင်း လုံခြုံရေးကိစ္စအဝဝကို အာဖဂန်တပ်ဖွဲ့ဝင်များကတာဝန်လွှဲပြောင်းယူနိုင်ရေးအတွက် အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်မှ ကိုယ်စားလှယ်များ အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးကာ သဘောတူညီခဲ့ကြသည်။

ဖြေရှင်းနိုင်စွမ်းမရှိ

ယင်းညီလာခံသည် အမေရိကန် ပြည်ထောင်စုအနေဖြင့် အာဖဂန်နစ္စတန်ပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိ ဆိုသည့် အချက်ကို ဖော်ညွှန်းနေကြောင်း တာလီဘန်အဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည်။

အင်တာနက်။

အီဂျစ်က တည်ဆောက်ထားသော မြေအောက်သံမဏိနံရံများကို ဂါဇာမှောင်ခိုသမားများ နေရာပေါင်းများစွာ၌ ဖောက်ထွင်းခဲ့

ရာဖာ ဇူလိုင် ၂၂

အစ္စရေးတို့က ပိတ်ဆို့ထားသည့် ဂါဇာကမ်းမြောင်ဒေသသို့ လက်နက်များနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းပေးသော မှောင်ခိုသမားများသည် ၎င်းတို့ကို တားဆီးရန် အီဂျစ်နိုင်ငံက တည်ဆောက်ထားသော မြေအောက်သံမဏိနံရံများကို နေရာပေါင်းများစွာ၌ ဖောက်ထွင်းခဲ့ကြကြောင်း အီဂျစ်တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောသည်။

အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့က တည်ဆောက်ထားသော အတားအဆီးများကို ကျော်ဖြတ်ဖောက်လုပ်ထားသော မြေအောက် လိုဏ်ခေါင်းများမှတစ်ဆင့် လူသုံးကုန်များနှင့် လက်နက်များကို မှောင်ခိုသမားများက ဟားမားစ်အဖွဲ့ အုပ်ချုပ်သော ဂါဇာဒေသသို့ တင်ပို့ခဲ့ကြသည်။

အေပီသတင်းဌာနမှ ထုတ်ပြန်သော ရုပ်သံမှတ်တမ်းများအရ မျက်နှာဖုံးစွပ်ထားသော မှောင်ခိုသမားများသည် သံမဏိနံရံများကို ဓာတ်ငွေ့မီးဖြင့် ဖြတ်တောက်ခဲ့ကြောင်း၊ ဝင်ပေါက်တစ်ပေါက်ပြုလုပ်နိုင်ရန် ငါးနာရီမျှ အချိန်ယူကြရကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် မှောင်ခိုလုပ်ငန်းများကို တားဆီးနိုင်ရန် မြေအောက်နံရံများကို လွန်ခဲ့သောနှစ်ကစ၍ တည်ဆောက်ခဲ့သည်။ သို့ရာတွင် မှောင်ခိုသမားများသည် လက်နက်ခဲယမ်းနှင့် လူသုံးကုန်ပစ္စည်းများကို ဂါဇာကမ်းမြောင်သို့ တင်သွင်းရန် ယင်းမြေအောက်သံမဏိနံရံများကို နေရာပေါင်းများစွာ၌ ဖောက်ထွင်းခဲ့ကြောင်း အီဂျစ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

မျောက်များကို တရားမဝင်သယ်ဆောင်သူ မက္ကဆီကိုလေဆိပ်တွင် အဖမ်းခံရ

မက္ကဆီကိုစီးတီး ဇူလိုင် ၂၂

မက္ကဆီကိုနိုင်ငံ နိုင်ငံတကာလေဆိပ်၌ အင်္ဂါနေ့တွင် လူတစ်ဦး ဝတ်ဆင်ထားသော တီရှပ် ထူးခြားစွာဖောင်းထွက်နေသည်ကို မြင်ရသဖြင့် ရပ်တန့်စေ၍ ရှာဖွေစစ်ဆေးခဲ့ရာ ရှားပါးသော မျောက်ငယ်၁၈ကောင်ကို အာဏာပိုင်များက တွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပီရူးနိုင်ငံ လီမာမြို့မှ ပျံသန်းလာသော လေယာဉ်ဖြင့် လိုက်လာသည့် ရိုဘာတိုကာဘရီးရာဆိုသူ၏အခြေအနေမှာ မသင်္ကာဖွယ်ရာကောင်းသဖြင့် အာဏာပိုင်များက သတိထားမိကြောင်း၊ ထို့ကြောင့် ၎င်းကို ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ကာဘရီးရာသည် ၎င်း၏အတွင်းခံနှင့်တွဲချုပ်ထားသော အိတ်ထဲ၌ ခြောက်လက်မမျှသာ ခန္ဓာကိုယ် အရွယ်အစားရှိသော တီတီမျောက်များကို သယ်ဆောင်လာခဲ့ကြောင်း၊ နှစ်ကောင်သေဆုံးနေသည်ကို တွေ့ရကြောင်း လုံခြုံရေးဌာနက ပြောကြားသည်။

ရှားပါးမျိုးစိတ်များ တရားမဝင် သယ်ဆောင်လာသည်ဟူသော စွပ်စွဲချက်ဖြင့် ကာဘရီးရာကို ဖမ်းဆီးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဘရာဇီးနိုင်ငံ ကမ်းခြေဒေသများတွင် ပင်ဂွင်ငှက်ရာပေါင်းများစွာ သေဆုံးနေသည်ကို တွေ့ရှိ

ဆော်ပေါ်လို ဇူလိုင် ၂၂

အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးခဲ့ရသော ပင်ဂွင်ငှက် ရာပေါင်းများစွာတို့သည် ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ် ကမ်းခြေတစ်လျှောက်တွင် တင်ကျန်ရစ်နေကြောင်း ဇူလိုင် ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းပင်ဂွင်ငှက်များ၏ အစာရေစာ အဘယ်ကြောင့်ပြတ်လပ်ခဲ့သည်ကို သုတေသန ပညာရှင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သေဆုံးခဲ့သော ပင်ဂွင်ငှက်အများစုသည် နွေးထွေးသောရေပြင်၌ အစာရှာဖွေရန် အာဂျင်တီးနား၊ ချီလီနှင့် ဖောက်ကလန်ကျွန်းဒေသများမှ ဘရာဇီးနိုင်ငံတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်လာသော ပင်ဂွင်ငှက်များ ဖြစ်သည်။

သာမန်ထက် ပိုမိုအေးမြသော ရေပြင်နှင့် ပြင်းထန်သော ရေစီးကြောင်းတို့ကြောင့် ပင်ဂွင်ငှက်များ၏ အစာဖြစ်သော သတ္တဝါမျိုးစိတ်များ လျော့နည်းခဲ့ရသလော သို့မဟုတ် လူတို့၏ပယောဂကြောင့် ပင်ဂွင်ငှက်များ သေဆုံးရသလောဆိုသည်ကို သိပ္ပံပညာရှင်များက လေ့လာနေဆဲဖြစ်သည်။

ပင်ဂွင်ငှက်တို့၏ အစာဖြစ်သော ငါးနှင့် ပြည်ကြီးငါးတို့သည် အလွန်အကျွံငါးဖမ်းဆီးမှုများကြောင့် ပျောက်ကွယ်သွားနိုင်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ဆိုသည်။ နှစ်စဉ်နှစ်တိုင်း ဘရာဇီးကမ်းခြေ ဒေသများဆီသို့ ပင်ဂွင်ငှက်များ အချိန်မှန် ရွှေ့ပြောင်းဝင်ရောက်လေ့ရှိသော်လည်း ယခုကဲ့သို့ ကောင်းရေအမြောက်အမြား သေဆုံးကြရခြင်းမျိုး မရှိခဲ့ပေ။ **အင်တာနက်။**

နေတိုး လောင်စာဆီတင်ယာဉ် အစီး၁၀၀ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ တားဆီး

အစ္စလာမ္မာဘတ် ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာလူမျိုးစုဒေသတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များက ဇူလိုင် ၂၂ ရက်တွင် နေတိုးအဖွဲ့၏ လောင်စာဆီတင်ယာဉ် ၁၀၀အား ဆက်လက်ထွက်ခွာခွင့်မပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နယ်စပ်ဘက်ခြမ်းရှိ တော့ခမ်းဒေသ၌ အကောက်ခွန်တာဝန်ရှိသူများ ကုန်စည်စစ်ဆေးမှု နှေးကွေးနေသဖြင့် စောင့်ဆိုင်းနေကြရသော ယာဉ်တန်းမှာ ရှည်လျားလှသဖြင့် လုံခြုံရေးအခြေအနေကြောင့် အာဖဂန်နစ္စတန်သို့ သွားမည့် ယင်းလောင်စာဆီတင် ယာဉ်များအား ရှေ့ဆက်မသွားရန် တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်၌ လွန်ခဲ့သော နှစ်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကုန်တင်ယာဉ်များနှင့် လောင်စာဆီတင်ယာဉ် ၇၀ ခန့် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ယူကရိန်းနှင့် အစ္စရေး ဗီဇာကင်းလွတ်ခွင့် သဘောတူလက်မှတ်ရေးထိုး

ကီဗ် ဇူလိုင် ၂၂

ယူကရိန်းနှင့် အစ္စရေးနှစ်နိုင်ငံတို့သည် ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ သဘောတူစာချုပ်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း ယူကရိန်းနိုင်ငံခြား ရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်သည်။

ယင်းသို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို အစ္စရေးနိုင်ငံသို့ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး တရားဝင် အလည်အပတ်ရောက်ရှိနေစဉ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကြောင့် မကြာမီနှစ်အနည်းငယ်အတွင်းတွင်အစ္စရေးနိုင်ငံသို့ ယူကရိန်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားဦးရေ ပိုမိုလာရောက်နိုင်မည်ဟုမျှော်လင့်ရကြောင်း အစ္စရေးအာဏာပိုင်များက ယူဆသည်။

ယင်းသဘောတူစာချုပ်အရ အစ္စရေးနှင့် ယူကရိန်းနိုင်ငံ သားများသည် ရက် ၉၀ထက်မပိုသောကာလအတွင်း ပြည်ဝင်ခွင့် ဗီဇာမပါဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လည်ပတ်နိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလေးများကို စုန်းအဖြစ် ယိုးစွပ်မှု အာဖရိကတိုက်တွင် ပိုမိုမြင့်မားလာ

ကင်ရှာစာ ဇူလိုင် ၂၂

အာဖရိကတိုက်၌ ကလေးများကို စုန်းအဖြစ်ယိုးစွပ်မှုများ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)၏ အစီရင်ခံစာကို ကိုးကား၍ ဇူလိုင် ၂၂ရက် သတင်းများတွင် ဖော်ပြသည်။

ကလေးများကို စုန်းအဖြစ်ယိုးစွပ်မှုသည် ယခင်က အာဖရိကတိုက်တွင် အစဉ်အလာ ဒဏ္ဍာရီပုံပြင်တစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါ အသွင်သစ်အဖြစ် ပြန်လည်ခေတ်စားလာကြောင်း ယူနီဆက်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းသို့သော ကလေးများကို မိသားစုအတွက် ကြမ္မာဆိုးသယ်ဆောင်သူများအဖြစ် သတ်မှတ်ထားကြပြီး မိဘများကိုယ်တိုင် နေအိမ်မှ နှင်ထုတ်တတ်ကြကြောင်း သိရသည်။ စုန်းဟု ယိုးစွပ်ခံရသူ ကလေးအများစုသည် အသက်(၈)နှစ်မှ (၁၄)နှစ်အရွယ်ကြားဖြစ်ပြီး မိဘမဲ့များ၊ လမ်းတကာလေလွင့်နေသူများနှင့် အယ်လ်ဘီနိုဟုခေါ်သည့် အာဖရိကနွယ်ဖွားဖြစ်သော်လည်း အသားဖြူသည့် ကလေးများဖြစ်ကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံတစ်နိုင်ငံတည်းတွင်ပင် စုန်းအဖြစ် ယိုးစွပ်ခံရသော ကလေးပေါင်း ၂၀၀၀၀ကျော်ရှိကြောင်း၊ ယင်းကလေးများသည် အတင်းအဓမ္မ တိုက်တွန်းခံရ၍ ကိုယ့်ကိုယ်ကိုယ် စုန်းအဖြစ် ဝန်ခံခဲ့ကြရသူများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

အာဖရိကတိုက်၌ စုန်းအဖြစ် ယိုးစွပ်ခံရလေ့ရှိသော အယ်လ်ဘီနိုခေါ် အာဖရိကနွယ်ဖွား အသားအရောင်ဖြူသော ကလေးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေပြည်တော်လယ်ဝေးမြို့နယ်ရှိ စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း နေပြည်တော် ဘိလပ်မြေစက်ရုံ (တောင်ဖီလာ)သို့ရောက်ရှိရာ စက်ရုံမှူး ဦးသောင်းမြင့်က စက်များ၏ စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုနှင့် ကုန်ထုတ်လုပ်မှု၊ ကုန်ကြမ်းထုံးကျောက်၊ ရွံ့စေး၊ သဲကျောက်နှင့် ဂေါဒန်ကျောက်များ ရရှိမှု၊ စက်သုံးဆီရရှိမှုနှင့် သုံးစွဲမှု၊ ဘိလပ်မြေအရည်အသွေး စစ်ဆေးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက သတ်မှတ်စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော ဘိလပ်မြေများ ထုတ်လုပ်ကြရန် မှာကြားသည်။

ယင်းနောက် ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ကုန်ကြမ်းများ စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Max Myanmar Group of Companies ၏ တစ်နေ့တန် (၅၀၀) ကျ ဘိလပ်မြေစက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ် (၂) စက္ကူစက်ရုံသို့ ရောက်ရှိကာ ၂၅ တန်ကျ ဘိလပ်မြေစက္ကူစက်ရုံနှင့် တစ်နေ့တန် ၂၀ ကျ ကတ်ထူစက္ကူစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၅၀ ကျ သတင်းစာပျော့ဖတ်နှင့် တစ်နေ့တန် ၈၀ ကျ ထုပ်ပိုးစက္ကူစက်ရုံ (ရေနီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော တစ်နေ့လျှင် အုတ်ချပ်ရေ ၅၀၀၀၀ ကျ နေပြည်တော် အုတ်စက်ရုံ (ပန်းတင်)စီမံကိန်းသို့ ရောက်ရှိကာ အုတ်ညှစ်စက်၊ အုတ်ဖြတ်စက်၊ မြေနယ်စက်၊ အနုကြိတ်စက်၊ မြေကြိတ်ခွဲစက်နှင့် မြေကျွေးစက်များ၏ စက်များ တပ်ဆင်ပြီး ဝန်မဲ့စမ်းသပ်လည်ပတ်မှု၊ ဥမင်အခြောက်ခံဖို နှစ်လုံး၏ အတွင်းပိုင်း အုတ်စီခြင်းနှင့် ဥမင်မီးဖိုနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း၊ Kilm Car ကြမ်းခင်းမီးခံအုတ်များ စီခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ရက်အတွင်း ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ နေပြည်တော် အုတ်စက်ရုံ စီမံကိန်း (ပန်းတင်) တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အုတ်ချပ်ရေ ၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း ၁၅ ကို နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နေပြည်တော်လယ်ဝေးမြို့နယ်ရှိ နေပြည်တော်ဘိလပ်မြေစက်ရုံ(တောင်ဖီလာ) ၌ ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

စီးပွားရေးပညာရပ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့လူငယ် စွန့်ဦးတီထွင်သူများအဖွဲ့က ကြီးမှူး၍ စီးပွားရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရေးပြိုင်ပွဲ ၂၀၁၀ ကို ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များသည် စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ ၃လွှာ (အခန်း-ဒီ)ရှိ PS Business School ဖုန်း-၅၀၀၅၃၃ နှင့် ၅၂၄၄၈၂ သို့ ကြိုတင်စာရင်းပေးဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်း သားသမီးများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အလုပ်သမားဝန်ကြီးဌာန၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်း သားသမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က လေးဘာသာဂုဏ်ထူးရှင် လေးဦးအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက ကျန်ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သန့်ကြွယ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားသည့် ကျောက်ဆည် အထက(၄)(စက်ရုံစု) ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားအောင် သင်ကြားခဲ့သည့် ကျောက်ဆည်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (စက်ရုံစု)မှ ကျောင်းအုပ်ကြီးနှင့် အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မန္တလေးတိုင်း ပညာရေးမှူး(စစ်ဆေးရေး)၊ ကျောက်ဆည်မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်မြို့နယ်ရှိ အထက်တန်းကျောင်းအုပ်ကြီးများ၊ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီးများနှင့် အထက(၄)(စက်ရုံစု)ကျောင်းမှ အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါကျောင်းအနေဖြင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းသစ်ဖြစ်ပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားခဲ့မှုကြောင့် ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မန္တလေးတိုင်းပညာရေးမှူး(စစ်ဆေးရေး)က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကျောက်ဆည်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း (စက်ရုံစု) မှ ကျောင်းအုပ်ကြီးနှင့် အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများ ဂုဏ်ပြုပွဲ၌ ဆရာမတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကနီ ပန်းခြံအတွင်း မော်တာတပ်ဆင်

ကနီ ဇူလိုင် ၂၂

ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ပန်းခြံအတွင်း လက်တူးတွင်း တူးဖော်ရေးမော်တာ တပ်ဆင်ခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးတင့်လွင်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု တတိယဆုရ အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်) ရေးသားသည့် **"သုတေသနခရီးသွား ဇေယျာပူရမှတ်တမ်းများ"** စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ကမ္ဘာ့အလယ် မြန်မာဟု ဂုဏ်ထည်ဝင့်ကြွားနိုင်လောက်သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့ စုစည်းတည်မှီရာ ဇေယျာပူရ(ခေါ်) စစ်ကိုင်းမြို့ရှိ ခေတ်အဆက်ဆက် ကုသိုလ်ရှင်တို့က ကမ္ပည်းတင်ခဲ့သော ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်း၊ သာသနိကအဆောက်အအုံ၊ ကျောင်း၊ ကန်၊ ဘုရား စသည့်မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ပုံရိပ်များအကြောင်းကို ဓာတ်ပုံ၊ မြေပုံများ၊ သမိုင်းအထောက်အထားများနှင့် ရေးသားတင်ပြထားသည့် စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန် စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်(ပင်မ) ရူပဗေဒ အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၂

၁၉၉၁-၁၉၉၄ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်(ပင်မ) ရူပဗေဒအတန်း အသီးသီးတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို နိုဝင်ဘာလဆန်းတွင် ကျင်းပမည်ဖြစ်ရာ သူရဝင်း ဖုန်း-၆၄၅၁၅၀၂၊ ဝင်းထိုက် ဖုန်း-၅၁၅၁၂၆၀၊ ဦးဆင်ရမ်-ချိုချိုစန်း ဖုန်း-၀၉-၅၀၁၉၃၄၈၊ မိုးကျော်လင်း-တင်မြတ်နွယ် ဖုန်း-၀၉-၅၁၄၈၂၀၄၊ လှိုင်လှိုင်မြင့် ဖုန်း-၀၉-၅၁၈၅၈၀၇၊ ခိုင်ဝင်းထင် ဖုန်း-၀၁-၇၃၀၁၆၄၀၇၊ တင်နေလင်း ဖုန်း-၀၉-၅၁၆၈၂၇၇၊ မနုနုအောင် ဖုန်း-၀၉-၅၀၄၂၇၅၀၊ ကိုကျော် ဖုန်း-၅၅၁၁၂၃၊ သီတာစိုး ဖုန်း-၅၁၁၀၅၈၊ အေးအေးညို ဖုန်း-၀၉-၅၀၅၅၄၈၂၊ နေလင်း ဖုန်း-၃၈၂၈၇၆နှင့် ကျော်နိုင် ဖုန်း-၅၁၃၈၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျောက်ချောခင်း

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော မြို့သစ်လမ်းမ(၃) ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး၊ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များအား တွေ့ဆုံရာ သုံးခွမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ကော်မရှင် လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာ တင်အောင်အေးက လူဦးရေစာရင်းဇယားများ၊ မဲရုံနှင့် မဲပုံးများလျာထားမှု ကိုက်ညီရေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် မဲရုံနေရာများ သတ်မှတ်ရွေးချယ်မှု စိစစ်ခြင်း၊ မဲစာရင်းများအတည်ပြုခြင်း၊ မဲစာရင်းပြုစုဆောင်ရွက်ထားရှိခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သင်တန်းပေးမည့် အခြေအနေများ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

(မြို့နယ်ကော်မရှင်)

ဟသ်ာတ ဇလွန် မော်ကွန်း

❑ ဇလွန် ဟသ်ာတ ဟိုတုန်းကတော့
ဝေးလှတာလည်း မဟုတ်ဘဲနဲ့၊
ကျောက်ခဲလမ်းကြမ်း ချိုင့်ဝှမ်းထူပြော
မြေကြော မပြေပြစ် အဆစ်ဆစ်ပိုင်း
လှိုင်းထ တွန့်ခေါက် ခရီးထောက်လို့
အရောက်အပေါက်လည်း နည်းခဲ့သည်။

❑ နီးလျက်နှင့်ဝေး ဟို ရှေးမဆွ
ဟသ်ာတ ဇလွန်လမ်း မည်မျှကြမ်းလည်း---
ကားလမ်းချောမွေ့ ယနေ့သည်ကား
ရထားလမ်းပေါက် ခရီးရောက်မို့
ခေါက်တုံ့လူးလာ လွယ်ကူစွာပဲ
သွားလာနိုင်ကြပါပြီလေ။

❑ ဩော် လမ်းပန်းဆက်သွယ် လွယ်ကူချောမွေ့
ယနေ့ကာလ ဟသ်ာတ ဇလွန်
ပုံရိပ်မှန်ကား၊
နလုံးသားမှ မော်ကွန်းတင်။ ။

ဟသ်ာတမြင့်ငွေ

အိမ်မဲမြို့မဈေးကြီး မီးဘေးလုံခြုံမှု စစ်ဆေး

အိမ်မဲ ဇူလိုင် ၂၂

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် စနစ်တကျမီးသုံးစွဲမှု ရှိ၊ မရှိကို ဇူလိုင် ၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး၊ ဒုတိယဦးစီးမှူး ဒေါ်စုစုသိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

▲ **ကျောဖုံးမှ**

တွေ့မြင်ရကြောင်း အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ် ဘူလ်ဒါမြို့ရှိ ကမ္ဘာ့လေထုလွှာ သုတေသနဌာနနှင့် ကိုလိုရာဒိုတက္ကသိုလ်တို့မှသိပ္ပံပညာရှင်များ၏ ပူးတွဲလေ့လာချက်သစ်တွင် ဖော်ပြသည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ အကျိုးဆက်တစ်ရပ်အဖြစ် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် မုတ်သုံရာသီ ရေလွှမ်းမိုးမှုများ ပိုမိုဆိုးရွားလာနိုင်ကြောင်း လေ့လာချက်အရ သိရသည်။

ဒေသဆိုင်ရာ ရာသီဥတုနှင့် ကမ္ဘာ့ရာသီဥတုတို့အပေါ် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုက အကျိုးသက်ရောက်နိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၏ သဘာဝလုပ်ငန်းစဉ်ကို ဖြစ်ပေါ်စေသော အခြင်းအရာမှာ အိန္ဒိယ - ပစိဖိတ်ပူနွေးသောဒေသဖြစ်သည်။ ယင်းဒေသသည် အာဖရိကအနောက်ပိုင်း အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်း ဒေသမှသည် ပစိဖိတ်သမုဒ္ဒရာရှိ နိုင်ငံတကာ ရက်စွဲသတ်မျဉ်း (International Date Line) အထိ တစ်နံတစ်လျား တည်ရှိသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကာလအတွင်း အိန္ဒိယ - ပစိဖိတ်ပူနွေးသောဒေသ၏ အပူချိန်သည် ၁ ဒီဂရီဖာရင်ဟိုက်ခန့် (သုည ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်) ပိုမိုမြင့်တက်လာခဲ့သည်။ ယင်းမှာ လူ့ပယောဂကြောင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို ပိုမိုဖြစ်ပေါ်စေခြင်း ကြောင့်ဖြစ်သည်။

အနာဂတ်ကာလတွင် ကမ္ဘာ့လေထုလွှာအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ၏ပမာဏ ပိုမိုတိုးပွားလာမည်ဆိုပါက အင်ဒိုနီးရှားပင်လယ်ကမ်းရိုးတန်းဒေသများ၊ ဆူမတြားကျွန်းနှင့် အိန္ဒိယသမုဒ္ဒရာ မြောက်ပိုင်းဒေသများကဲ့သို့ ကမ္ဘာ့ဒေသများ၌ နေထိုင်သူပြည်သူများ၏ လူနေမှုဘဝကို ထိခိုက်လာစေနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ကြောင်း နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများသည့် ကာလသို့ ရောက်ရှိပြီး ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက် မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားမည်၊ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်။

ပြောင်းလဲမည့် ရေလမ်းကြောင်းအသစ်မှာ တံတား၏ အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်ကို အထူးဂရုပြုရန်လိုသည်။ ရေယာဉ်များအနေဖြင့် ယောချောင်းရေကျချိန်တွင် တံတားအား လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပြုရမည်။

တံတားတိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+
အာဠာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဗုဒ္ဓနည်းကျဘဝနေနည်း"
တရားတော်
(ညောင်ကန်အေးဆရာတော်
ဒေါက်တာ အရှင်ဣန္ဒက)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ကူညီပေးမည်
မြန်မာနိုင်ငံကြက်ခြေနီ
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၅၅)
၈း၃၀ Sports World
၉း၀၀ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည်
အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးမှုဆီ---
၉း၁၅ Activities in The City
မဟာသိမ်တော်ကြီး ပရိယတ္တိ
စာသင်တိုက် ဩဝါဒခံယူပွဲနှင့်
စာအောင်ဆုနှင်းသဘင်)
၉း၄၀ Movie Talk
(ဒါရိုက်တာကြည်စိုးထွန်း၊
အကယ်ဒမီစံရှားတင်)(အပိုင်း-၁)
၁၀း၃၀ ပါသစ်နှင့် သူ၏ကဗျာသစ်လေးများ
၁၀း၄၅ ထူးဆန်းအံ့မခန်း
Bio Energy Pendant အစွမ်း
၁၁း၀၀ VJ Choice
၁၁း၃၀ "သူ့ဘဝ---သူ့လက်ရာ"
ဦးတင်အေး(မန္တလေး)
၁၁း၄၀ Say It In English
၁၁း၅၅ ရင်ခုန်ခံစား လူငယ်ကျွမ်းဘား
၁၂း၁၅ မမေ့နိုင်စရာ----
ရှမ်းရိုးရာအစားအစာ
၁၂း၃၀ ငှက်များစောင့်ကြည့်လေ့လာခြင်း
(လှော်ကားဥယျာဉ်)
၁၂း၄၀ ဘေးကင်းရန်ကျော်
မြတ်စေတီတော်
ဌာပနာပိတ်ပွဲမင်္ဂလာ
၁း၀၀ "ဗုဒ္ဓနည်းကျဘဝနေနည်း"
တရားတော်
(ညောင်ကန်အေးဆရာတော်
ဒေါက်တာ အရှင်ဣန္ဒက)
၂း၀၀ MRTV-4 သတင်း
၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ဇော်မှိုင်းနှင့်
တွေ့ဆုံခြင်း)
၃း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၅၅)
၄း၁၀ ပါသစ်နှင့် သူ၏ကဗျာသစ်လေးများ
၄း၂၀ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည်
အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးမှုဆီ---
၄း၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း
(လှော်ကားဥယျာဉ်)
၄း၅၀ ရင်ခုန်ခံစား လူငယ်ကျွမ်းဘား
၅း၀၅ Activities in The City
မဟာသိမ်တော်ကြီး ပရိယတ္တိ
စာသင်တိုက် ဩဝါဒခံယူပွဲနှင့်
စာအောင်ဆုနှင်းသဘင်)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ World of Knowledge
(Is It Real? King Arthur)
၇း၁၀ ဖက်ရှင်လမ်းညွှန်
(ဒီဇိုင်နာမေမြတ်ဝါဆိုနှင့်
တွေ့ဆုံခြင်း)
၇း၂၀ ပန်းချီပြခန်း
(Free of Charge ပန်းချီပြပွဲ)
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ VJ Choice
၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ဇော်မှိုင်းနှင့်
တွေ့ဆုံခြင်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၅၅)
၁၀း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်
ဖေးကူမွေးမြူတို့အတူ
(ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
၁၀း၁၀ ဖက်ရှင်လမ်းညွှန်
(ဒီဇိုင်နာမေမြတ်ဝါဆိုနှင့်
တွေ့ဆုံခြင်း)
၁၀း၂၅ ထူးဆန်းအံ့မခန်း
Bio Energy Pendant အစွမ်း
၁၀း၄၀ ကူညီပေးမည်
မြန်မာနိုင်ငံကြက်ခြေနီ
၁၀း၅၅ ပန်းချီပြခန်း
(Free of Charge ပန်းချီပြပွဲ)
၁၁း၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၁၁း၁၅ ဘေးကင်းရန်ကျော်
မြတ်စေတီတော်
ဌာပနာပိတ်ပွဲမင်္ဂလာ
၁၁း၃၀ မြူတိမ်ကင်းသောနေ့
(အကယ်ဒမီထွန်းထွန်းဝင်း၊
မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊
ပုလဲဝင်း)
[ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၁း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရာဇူဒိုင်တံတား အမှတ်(၁)ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင် မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြား မဟုတ်တော့ဘဲ ပတ်ဝန်းကျင်ဒေသများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာ

✻ရှေ့ဖုံးမှ
တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြသည်။

ရာဇူဒိုင်တံတားအမှတ်(၂)ကို ယခုနှစ် နှစ်ဆန်းပိုင်းက အောင်မြင်စွာ ဖွင့်လှစ်ပေး နိုင်ပြီးခဲ့သည့်နောက် လုပ်ငန်းပမာဏ ဆက်သွယ်ပြီး ရာသီမရွေး လွယ်လင့် တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဤတံတားကြီး အောင်မြင်ပြီးစီးသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲအခမ်း အနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ဆောက်လုပ် ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်မင်းနှင့် သစ်တော ရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်၊

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြား ရာတွင် ယနေ့သည် ဧရာဝတီတိုင်း အတွင်းရှိ မော်လမြိုင်ကျွန်းမြို့အတွက် အထူးပင် မင်္ဂလာရှိသော နေ့တစ်နေ့ပင် ဖြစ်ကြောင်း၊ တစ်နေရာမှ တစ်နေရာ ခရီးသွားရန် တသီးတခြား ဖြစ်ခဲ့ရသည့် မော်လမြိုင်ကျွန်းမြို့ကို လမ်းပန်းဆက်သွယ် မှု လွယ်ကူချောမွေ့စေရေးအတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မော်- ကျိုက်ပိ မော်တော်ကားလမ်းဟောင်းကို ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ရာတွင် စည်းခြားနေသည့် ရာဇူဒိုင်မြစ်ကြီးကို တံတားသစ်ကြီးနှစ်စင်း ပေါင်းကူးပေး ခြင်းဖြင့် ခရီးဖြောင့်အောင် တည်ဆောက် ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ပိုမိုကြီးမားများပြားသော ရာဇူဒိုင်တံတား အမှတ်(၁)ကို ယနေ့အချိန်တွင် အောင်မြင် စွာ ဖွင့်လှစ်ပေးနိုင်လိုက်ပြီ ဖြစ်သည့်အတွက် မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြား မဟုတ်တော့ဘဲ ပတ်ဝန်းကျင်ဒေသများ နှင့် ရေကြောမြေကြော တစ်ဆက်တစ်စပ် တည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

လျင်လျင်မြန်မြန်

ထို့ပြင် မော်လမြိုင်ကျွန်းမြို့ကို ဗဟိုပြုပြီး ဖောက်လုပ်နေသည့် ဘိုကလေး- မော်လမြိုင်ကျွန်း- ကျုံမငေး- မြောင်းမြ မော်တော်ကားလမ်းကြီး မကြာခင်ကာလတွင် ဖြစ်ပေါ်လာမည် ဖြစ်သည့်အတွက် ဧရာဝတီတိုင်းအတွင်း၌ အရပ်လေးမျက် နှာစလုံးကို ကုန်းလမ်းခရီးဖြင့် ဖြန့်ကြက် သည့်အတွက် ခရီးသွားလာရေး အချက် အချာလမ်းဆုံမြို့တစ်မြို့ ဖြစ်လာသည်နှင့် အမျှ ဤဒေသမှထွက်ရှိသည့် လယ်ယာ ထွက်ကုန်ပစ္စည်းနှင့် သားငါးထွက်ကုန် များကို မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့ မည်ဖြစ်သည့်အတွက် ဤဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာ ရေးကဏ္ဍများသည်လည်း လျင်လျင် မြန်မြန် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း။

မြစ်ဝကျွန်းပေါ် တောင်ဘက်ပိုင်းဒေသ သည် မြေဆီမြေနှစ်ကောင်းမွန်ပြီး သဘာဝ သယံဇာတအားဖြင့် မြစ်ချောင်းအင်းအိုင် များလည်း အလွန်ပေါများသည့်အတွက် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါးနှင့် ဆား အပါအဝင် ရေထွက်ကုန်ပစ္စည်းများ အလျှံအပယ်ထုတ်လုပ်ပေးနေသောဒေသ ကြီးတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆန်အိုးကြီး၊ စပါးကျီကြီးအဖြစ် ခေတ် အဆက်ဆက် ပြည်တွင်းစားသုံးမှုအတွက် သာမက ဒေသတွင်းနိုင်ငံများ၏ စားနပ် ရိက္ခာဖူလုံရေးကိုပါ တစ်ဖက်တစ်လမ်း က အထောက်အကူပြုနေသည့် ဒေသ ကြီးလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် မကြုံစဖူးအင်အားပြင်းထန်လှသော နာဂစ် မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် ၂၀၀၈ခုနှစ် မေလဆန်းတွင် ပြည်သူများ ၏ အသက်အိုးအိမ်၊ စည်းစိမ်များစွာနှင့် စီးပွားရေး လုပ်ငန်းများစွာ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသော်လည်း နိုင်ငံတော် အကြီး အကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရပြည်သူနှင့်တပ်မတော်တို့ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲပြီး ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက် ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ် ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် အချိန်တိုတို အတွင်းတွင် မူလအနေအထားထက် သာလွန်တိုးတက်ကောင်းမွန်သော အခြေ အနေသစ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✮

ရာဇူဒိုင်တံတား အမှတ်(၁)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

★ စာမျက်နှာ ၇ မှ

ပေးနိုင်ခဲ့သည်ကို မျက်မြင်ထင်ရှား တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းနည်းတူ သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာခဲ့လျှင် အရေးပေါ် သယ်ယူရွှေ့ပြောင်း ကယ်တင်နိုင်ရေးအတွက်သာမက ဒေသထွက်ကုန်ပစ္စည်းများကို ကုန်းလမ်းခရီးမှ အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်ပေးနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် အသုံးပြုနိုင်ဖို့ပါ ဘက်စုံအသုံးပြုနိုင်သည့် မော်တော်ကားလမ်းအသစ် ခုနစ်ခုနှင့် လမ်းဟောင်း သုံးခုတို့ကို အသစ်ဖောက်လုပ်ပြင်ဆင်ပေးခဲ့ရာတွင် ယနေ့ ဤအချိန်တွင် မိုင်ပေါင်း ၄၂၀ ကျော်ရှိသည့် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကြီးတစ်ခုကို လက်တွေ့ကျကျ ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်သဘာဝဘေးကာကွယ်ရေးတို့အတွက် အခြေအနေသစ်တစ်ခုကို ရောက်ရှိလာနေပြီဖြစ်ကြောင်း။

ကူးလူးဆက်သွယ်

မြစ်၊ချောင်း၊အင်း၊အိုင်များ အထူးပင်ပေါများလှသည့် ဧရာဝတီတိုင်းအတွင်း၌ ယခုကဲ့သို့ မော်တော်ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေရုံသာမက ယခင်ရှိပြီးသား ပုသိမ်-ကြံခင်းရထားလမ်းကို ဆက်စပ်ပြီး ကြံခင်း-ပခုက္ကူရထားလမ်း၊ ပုသိမ် (ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း၊ ဟင်္သာတ-ခနောင်-စကြော့ (ညောင်တုန်း)ရထားလမ်းတို့ကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ယမန်နေ့ကပင် ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ရှိသည့် ရထားလမ်းပိုင်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဖောက်လုပ်နေပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့်ပါ ပြည်ထောင်စု၏ ဒေသအသီးသီးကို ကူးလူးဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေးအဖွံ့ဖြိုးဆုံးတိုင်းဒေသကြီးတစ်ခုအဖြစ် ဧကန်မုချ ရောက်ရှိလာမည်ဖြစ်ကြောင်း။

စီမံကိန်းဝင်တံတားကြီး

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် သဘာဝပထဝီမြေအနေအထားအရ မြစ်ကူးတံတားကြီးများကိုလည်း တစ်စင်းပြီးတစ်စင်း ဆောက်လုပ်လာခဲ့ရာ ယနေ့ ဖွင့်လှစ်လိုက်သည့် ရာဇူဒိုင်တံတားအမှတ်(၁)သည် ဧရာဝတီတိုင်းအတွင်း အစင်း ၅၀ မြောက် ပေ ၁၈၀ အထက် စီမံကိန်းဝင်တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဧရာဝတီတိုင်းအတွင်း၌ ပေ ၁၈၀ အထက် တံတားကြီး လေးစင်းကို တည်ဆောက်နေပြီဖြစ်သကဲ့သို့ ကျန်ပြည်ထောင်စုတစ်ဝန်းတွင်လည်း တံတားပေါင်းများစွာ ဆောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ဆောက်ရေးတာဝန်ကို စတင်ရယူ ထမ်းဆောင်ချိန်ကစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ဦးထိပ်ထားကာ တိကျခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့် ဘက်စုံ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဟန်ချက်ညီညီ

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အမျိုးသားလူမှုစီးပွားဘဝ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆင်းရဲနွမ်းပါးမှုနှင့် ဆူကြုံနိမ့်မြင့် ကွာဟချက်တွေ နည်းပါးသွားအောင် တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လက်တွေ့ခံစား

တစ်ချိန်တည်းမှာပင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အတွက်လည်း အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး စီမံကိန်းများကိုပါ နှစ်တို၊ နှစ်ရှည် အမျိုးသားအဆင့် စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ရရှိဖြစ်ပေါ်လာနေသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁) တံတားအား ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

မွန်မြတ်သည့် စေတနာ

နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် နိုင်ငံတော်အတွက် မွန်မြတ်သည့် စေတနာကို အရင်းခံပြီး ဘက်စုံထောင့်စုံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများသည်လည်း အရှိန်အဟုန်မြင့်မားကောင်းမွန်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးနေခြင်းဖြစ်သကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ပေါကြွယ်ဝသည့် အဖိုးတန် ရေ၊ မြေ သယံဇာတများကို ထိထိရောက်ရောက် အသုံးချပြီး အဖွံ့ဖြိုးဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌ သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်မည့် လူသားအရင်းအမြစ်များလည်း အထိုက်အလျောက် ရှိနေပြီဖြစ်သည့်အတွက် တစ်ဦးချင်းရော၊ စုပေါင်း၍ပါ နည်းပညာနှင့် တီထွင်ဖန်တီးမှုများပေါင်းစပ်ပြီး ဘက်စုံထောင့်စုံ မြှင့်တင်ဆောင်ရွက်ကာ အလုပ်ကို ဆတက်ထမ်းပိုး ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခိုင်ခိုင်မာမာ

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံအဆောက်အအုံ Infrastructure များကို ပြည်ထောင်စု၏ နယ်မြေဒေသ အစိတ်အပိုင်းအသီးသီးတွင် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံ၏ အနာဂတ်အတွက် နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူများကိုယ်တိုင် ဖန်တီးဖော်ဆောင်နိုင်စေနိုင်မည့် အပေါ်ထပ်အဆောက်အအုံ Superstructure တိုးတက်ပြောင်းလဲလာစေရေးအတွက်လည်း မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး မဆိုတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီး မကြာခင်အချိန်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်
ပြောကြားစဉ်။



ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲကြီး မကြာခင်အချိန်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုတည်ဆောက်ပေးလိုက်သည့် တံတားကြီးကို သားစဉ်မြေးဆက်တိုင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်အောင် ကာကွယ်စောင့်ရှောက် သွားကြပါ၊ ဒီအခြေခံကောင်းတွေကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော် အကျိုးစီးပွားတို့ကို အတ္တပရမျှတစွာ ကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သော စွမ်းအားဖြင့် အခက်အခဲ အတားအဆီး၊ အဖျက်အမှောင့်မှန်သမျှကို ရင်ဆိုင်ဟန့်တား ကျော်လွှားသွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

စီးပွားရေး ဒေသဇုန်ကြီး

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကား ပြောကြားရာတွင် ယခုအခါ၌ လမ်းပန်းဆက်သွယ်ရေး အားသာချက်များကြောင့် ဧရာဝတီတိုင်း၏ ဒေသစီးပွားရေးတစ်ခုလုံးသည် ယခင်ကနှင့် မတူတော့ဘဲ ဆန်စပါး၊ သား၊ ငါးစသည့် ဒေသထွက်ကုန်များကို အခြားပြည်နယ်နှင့် တိုင်းများသို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်၍ ဧရာဝတီတိုင်းသည် စီးပွားရေး ဒေသဇုန်ကြီးတစ်ခုအသွင်သို့ပင် ပြောင်းလဲ ရောက်ရှိလာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကိုအခြေခံ၍ ဧရာဝတီတိုင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုပ်အားနှင့်ယှဉ်ပြီး တက်ညီလက်ညီ ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းနှင့် အချိန်တိုအတွင်း ပြီးစီးအောင် တည်ဆောက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ဧရာဝတီတိုင်း၏ ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရေရှည်အကျိုးမျှော်မှန်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် နာဂစ်မုန်တိုင်းဒဏ်မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုင်ငံတော်အကြီးအကဲ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပကတိမျက်မြင် အနေအထားနှင့် ရေရှည်အကျိုးကို မျှော်မှန်းပြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ကြောင်း။

တစ်ဆက်တစ်စပ်တည်း

ယနေ့ဖွင့်လှစ်သည့် ရာဇူဒိုင်တံတား အမှတ်(၁)သည် မအူပင်-ရေလဲကလေး - ရွှေတောင်မော် - ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း - လှိုင်းဘုန်း - သစ်ပုတ် - ကွင်းပေါက်- ပြင်စလူလမ်း၊ ဘိုကလေး- မော်လမြိုင်ကျွန်း- ကျုံမငေး-ဝါးခယ်မ- မြောင်းမြလမ်း စသည့် လမ်းကွန်ရက်လမ်းများပေါ်တွင် တည်ရှိနေသဖြင့် ၎င်းတံတားကြီးကို အသုံးပြု၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မှာဖြစ်ကြောင်း။

တည်ဆောက်ပေးနိုင်

ထို့အတူ ဧရာဝတီတိုင်းအတွင်း ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ အထက် တံတားအစင်း ၅၀ နှင့် ပေ ၁၈၀ အောက် တံတား ၃၁၂ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း ပြည်သူအကျိုးပြု၊ ဒေသအကျိုးပြု ၎င်းတံတားကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

သွားရောက်နိုင်

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မော်လမြိုင်ကျွန်းမြို့မှ ဦးအောင်ဇော်လှိုင်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခင်က မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ရေယာဉ်ဖြင့်သွားလျှင် ၁၂ နာရီကြာ သွားခဲ့ရသော်လည်း ယခု ရာဇူဒိုင်တံတား အမှတ်(၁)ကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့သို့ သုံးနာရီအတွင်း ကုန်းလမ်းခရီးမှ သွားရောက်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကြောင့် မိမိတို့ မော်လမြိုင်ကျွန်းမြို့သည် ကုန်းလမ်း၏ လမ်းဆုံမြို့တစ်မြို့အဖြစ်သို့ တိုးတက်ဖြစ်ပေါ်လာတော့မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဝန်ကြီး ဦးသိန်းညွန့်တို့က ရာဇူဒိုင်တံတား အမှတ်(၁)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရာဇူဒိုင်တံတား အမှတ်(၁) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇူဒိုင်တံတား အမှတ်(၁)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရာဇူဒိုင်တံတား အမှတ်(၁)ကို ၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်သည်။

တံတားအရှည်စုစုပေါင်း ၁၉၅၅ ပေ၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀ နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ နှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဝန်ကြီး ဦးသိန်းညွန့်တို့ ရာဇူဒိုင်တံတား အမှတ်(၁)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်း စက်ဘီး၊ ဆိုင်ကယ် ကွန်ကရစ်လမ်း လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းဖောက်လုပ်မှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာ၌ မိုးစပါးစိုက်ပျိုးမည့် မျိုးနမူနာများနှင့် သဘာဝဓာတ်မြေသြဇာများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အခမ်းအနား တက်ရောက်လာကြသူများအား ပျိုးပင်များ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးက အထိမ်းအမှတ်ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသော တန်ဖိုးမြင့်ဝါးထွက်ကုန်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

သစ်တောဦးစီးဌာန တန်ဖိုးမြင့် ဝါးထွက်ကုန်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသော တန်ဖိုးမြင့် ဝါးထွက်ကုန်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ကြိမ်ဝါးလုပ်ငန်းစုမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO များဖြစ်သည့် FREDA, BANCA, ECCDI, CARE နှင့် ECODEV တို့မှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များ၊ ပါဝင်ဆွေးနွေးမည့် ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကာ အလုပ်ရုံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်ကို နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက ဆောင်ရွက်ပြီး စာတမ်းရှင်များဖြစ်ကြသည့် သစ်တောသုတေသနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦး၊ သစ်တောသုတေသနမှ လက်ထောက်သုတေသနအရာရှိ ဒေါ်မူမူအောင်နှင့် ညွှန်ကြားရေးမှူး(ငြိမ်း)ဦးမင်းကိုကိုကြီး၊ မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးဝင်းနိုင်၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ကြိမ်ဝါးစုလုပ်ငန်းမှ အလုပ်အမှုဆောင် ဦးသန်းလှိုင်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ကြိမ်ဝါးစုလုပ်ငန်းဥက္ကဋ္ဌ ဦးကျော်သူ၊ သစ်တောသုတေသနဌာနမှ သုတေသနအရာရှိ ဒေါ်ခင်မေလွင်နှင့် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိန်သက်၊ သစ်တောသုတေသနဌာနမှ လက်ထောက်သုတေသနအရာရှိ ဦးအောင်ဇော်မိုးနှင့် ဦးဝင်းနိုင်တို့က စာတမ်းခုနစ်စောင် ဖတ်ကြားဆွေးနွေးကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ အဖွဲ့လိုက် ဆွေးနွေးခြင်း၊ ရရှိလာသည့် ဆွေးနွေးချက်နှင့် နည်းလမ်းများကို အဖွဲ့လိုက် သုံးသပ်တင်ပြခြင်းများ ပြုလုပ်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၂၃-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော်(အင်္ဂုလိမာလသုတ်+ ဇောဖွျာဂ်သုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင်(ငွေစောင့်နတ်)
၈း၃၅	တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂း၁၀	အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း)
၁၂း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက်တေးလက်ဆောင်
၅း၀၀	Music Talk တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၆း၄၅	တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ အနှစ်(၂၀)ကြာပြီးနောက်
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ညီဂျော်) စီးပွားရေးဦးတည်ချက်
၈း၄၀	တေးပဒေသာ
၉း၀၀	ဆောင်းပါး (မိုးရာသီ၌ကားမောင်းရာတွင် အန္တရာယ်ကင်းစေရန်)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးခင်မောင်ရီ ဖရူဆိုမြို့၌ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ထားရှိမှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် ဇူလိုင်၂၂ရက်တွင် ဖရူဆိုမြို့သို့ရောက်ရှိပြီး ဖရူဆိုမြို့ ညောင်ဇင်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ညောင်ဇင်ရပ်ကွက်၊ ထီးတရဲရပ်ကွက်၊ မြို့မအုပ်စုနှင့် ထီပေါ်ဆိုကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတို့သို့ရောက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းပြုစုထားရှိမှု၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ စနစ်တကျထားရှိမှု ရှိ/မရှိနှင့် ရုံးဖွင့်လှစ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖရူဆိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ လက်ရှိပါတီများစုဝေးခြင်း၊ ဟောပြောခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်အမှတ်(၂/၂၀၁၀)နှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များ၊ ကော်မရှင်လုပ်ငန်းများ အောင်မြင်အောင် ကြိုးကြပ်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟတ်ထိတယ် ဇာတ်ကားသစ် ရုံတင်မည်

ရန်ကုန် ဇူလိုင် ၂၂

ဇူလိုင် ၂၃ ရက်(သောကြာနေ့) တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် **ဟတ်ထိတယ်** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မောင်အုန်းဝင်း၏ ဇာတ်လမ်းကို နေစိုးသော် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နှင့် တွဲဖက်ဒါရိုက်တာ ဆဲဗင်းဒေးတို့ ရိုက်ကူးသည့် ဤဇာတ်ကားမှာ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဟူသည့် ဆိုရိုးစကားကို အခြေခံဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့်ဇာတ်ကားတစ်ကားဖြစ်သည်။ အဘိုးအဘွား အဖေအမေ လက်ထက်တိုင်အောင် အဆက်ဆက် ချစ်လျက်ခွဲခွာခဲ့ရသူ မိသားစုများ မြေးများလက်ထက်တိုင် ရေစက်ဆုံ သံယောဇဉ်နှောင်ဖွဲ့ဇာတ်လမ်းများဖြစ်ရပုံကို ဟာသရောစွက်ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင်ပြသမည်ဖြစ်သည်။

မြန်မာဟာသ ဇာတ်ကားတစ်ကားဖြစ်သည့် **နတ်ဖက်တဲ့စုံတွဲများ**ဇာတ်ကားမှာမူ မြို့ပတ်ရုံများဖြစ်သည့် ရွှေမန်းနှင့် သီတာရုံများတွင် ပြသမည်ဖြစ်သည်။ အခြားမြန်မာဟာသ ဇာတ်ကားတစ်ကားဖြစ်သည့် **ဆွေတစ်ရာမောင်တစ်ကျိပ်** ဇာတ်ကားမှာ မြို့လယ်ဝဇီရာနှင့် မြို့ပတ်မင်းရန်အောင်ရုံတို့တွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ရှေးခေတ်ပါရှားပြည်အကြောင်းကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့် သမိုင်းနောက်ခံပြု ဇာတ်ကားတစ်ကားဖြစ်သော PRINCE OF PERSIA:THE SANDS TIME ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့လယ်ဆုထူးပန်ရုံတွင် မင်းသားဗီဂျေးနှင့် နာရင်တာရားတို့ ပါဝင်သော အိန္ဒိယတောင်ပိုင်း ဒရာမာအက်ရှင်ဇာတ်ကား VILLU နှင့် မြို့မရုံတွင် ဆာလ်မန်ခန်းနှင့် ကက်သရီးနားကဖ်တို့ ပါဝင်သည့် သမိုင်းနောက်ခံဇာတ်ကား VEER ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ဟတ်ထိတယ် ဇာတ်ကားမှ သူထူးစံ၊ အိန္ဒြာကျော်ဇင်နှင့် မိုးအောင်ရင်တို့၏ သရုပ်ဆောင်ဟန်။

ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၂

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာနေ ဦးအုန်းသွင်သည် အဖော်နှစ်ဦးနှင့်အတူ ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ကွင်းဆိပ်ကျေးရွာ ဘုရားတောင် ရေတွင်းကုန်းအနီးသို့ ဝါးခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ဝေါမြို့နယ် သူရဲသမိန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမှာစကား ပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် မိုးကုတ်မြို့ ပတ္တမြားမြေ အားကစားခန်းမ၌ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်ဦး၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဘိုရွှေ၊ ပြင်ဦးလွင်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ဦး၊ မိုးကုတ်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မိုးကုတ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဦးထွန်းငြိမ်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များသည် မိုးကုတ်မြို့နယ် မင်းတံတားရပ်ကွက် ကသဲ၊ ကျပ်ပြင် ကျေးရွာအုပ်စု၌ ဖွင့်လှစ်မည့် မဲရုံနေရာများကို ကြည့်ရှုကြကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မင်းကင်းမြို့တွင် ၃ဒသမ ၁၉လက်မ၊ မောင်တောမြို့တွင် ၂ဒသမ ၅၆လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ ၂၁လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ ဝ၅လက်မ၊ သထုံမြို့နှင့် ပေါင်မြို့တို့တွင် ၁ဒသမ ၇၇လက်မစီနှင့် ဟုမ္မလင်းမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၁ဒသမ ၅၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမ ၅ဒီဂရီစင်တီဂရိတ်)၈၉ဒီဂရီဖာရင်ဟိုက်		၂၁-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၂၂-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ရာခိုင်နှုန်း		၂၂-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၂၁-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၇-၂၀၁၀	၁၃မမ (သုညဒသမ ၅၂လက်မ)	၇မမ (သုညဒသမ ၂၈လက်မ)	၃မမ (သုညဒသမ ၁၁လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၉၅၉မမ (၃၇ဒသမ၇၆လက်မ)	၁၁၁၂မမ (၄၃ဒသမ ၇၈လက်မ)	၁၃၁၂မမ (၅၁ဒသမ ၆၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁-၇-၂၀၁၀ ရက် ၂း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်ကွင်း အုပ်စု (ဂ)

နယ်စပ်/စည်ပင် ဝန်ကြီးဌာန **နှစ်ဂိုး**

(မျိုးဇော်ဦး၊ ငြိမ်းချမ်းအောင်)

စီးပွား/ ကူးသန်းဝန်ကြီးဌာန **ဂိုးမရှိ**

(ဒိုင်) ဦးသိန်းစော(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဂ)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန **ခြောက်ဂိုး**

(ရဲဝင်းအောင်-သုံးဂိုး၊ ရန်နိုင်စိုး-နှစ်ဂိုး၊ ထွန်းလှိုင်စိုး)

ဟိုတယ်/ခရီးဝန်ကြီးဌာန **တစ်ဂိုး**

(မျိုးမင်းထိုက်)

(ဒိုင်)ဦးသီဟကျော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)

ပညာရေးဝန်ကြီးဌာန **တစ်ဂိုး**

(အောင်ကြီး)

စီမံ/စီးပွားဝန်ကြီးဌာန **တစ်ဂိုး**

(ရဲမျိုးဝင်း)

(ဒိုင်)ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၂၃ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ သတ္တုတွင်း ဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (၁၀၇)

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS &Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

CONCORDIA Int'l Co.,Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၁၀/၂၀၁၀) ကို ဩဂုတ် ၂ ရက်မှ ၁၀ ရက်အထိလည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်းသင်တန်းကို ဩဂုတ် ၁၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Engineering Survey၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း) Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့ အသုံးချနည်းနှင့်ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်း သင်တန်းကို ဇူလိုင်၂၃ ရက်မှ စတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် Concordia Ltd. သုံးလွှာနှင့် ငါးလွှာ ဖုန်း - ၀၁-၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀၀၅၉၁၂ နှင့် ဖက်စ်-၅၄၄၁၉၉တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အိန္ဒိယသမုဒ္ဒရာ၏ ရေမျက်နှာပြင် မြင့်တက်လာ

ကမ်းရိုးတန်းဒေသနှင့် ကျွန်းအချို့ကို ခြိမ်းခြောက်

နယူးဒေလီ ဇူလိုင် ၂၂

ဘာသာပြန်-ရောမောင်

အိန္ဒိယသမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်သည် တစ်စစမြင့်တက်လာနေပြီး လူဦးရေ သိပ်သည်းသော ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ကျွန်းအချို့တွင် နေထိုင်သူပြည်သူများအား ခြိမ်းခြောက်လျက်ရှိကြောင်း လေ့လာချက်သစ် တစ်ရပ်တွင် ဖော်ပြသည်။

ဘင်္ဂလား ပင်လယ်အော်နှင့် အာရေဗျပင်လယ်တို့၏ ပင်လယ်ကမ်းရိုးတန်းဒေသများ တစ်လျှောက်တွင်လည်းကောင်း၊ သီရိလင်္ကာ၊ ဆူမတြားနှင့် ဂျာဗားကျွန်းတို့တွင်လည်းကောင်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို ထူးထူးခြားခြား

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

အင်တာနက် အဏ္ဏဝါသိပ္ပံသတင်း

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုမှ ၁၄ ကီလိုမီတာအကွာရှိ ပင်လယ်ကမ်းရိုးတန်းတစ်နေရာ၌ တည်ဆောက်ထားသော ဟိုတယ်တစ်လုံးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မှတ်သား ဖွယ်ရာ မိုးရေ ချိန်များ	(၂၂-၇-၂၀၁၀)
မင်းကင်း	၃ ဒသမ ၁၉ လက်မ
မောင်တော	၂ ဒသမ ၅၆ လက်မ
မော်လမြိုင်	၂ ဒသမ ၂၁ လက်မ
မြစ်ကြီးနား	၂ ဒသမ ၀၅ လက်မ
သထုံနှင့် ပေါင်	၁ ဒသမ ၇၇ လက်မစီ
ဟုမ္မလင်းနှင့် ကျောက်ဖြူ	၁ ဒသမ ၅၇ လက်မစီ